စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

ဈေးကွက်သတင်းလွှာ

အမှတ်စဉ် (၂၇ / ၂၀၂၀) ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၆) ရက်

သတင်းခေါင်းစဉ်များ

- ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကြောင့် အသွားအလာ ကန့်သတ်မှုကာလအတွင်း မလေးရှား ဒူးရင်းများ အွန်လိုင်းမှ ရောင်းချမှုများ မြင့်တက်လာခြင်း
- ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှု မြင့်တက်မှုကြောင့် အရှေ့တောင်အာရှဒေသတွင် e-commerce လုပ်ငန်းများ မြင့်တက်လာခြင်း
- ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကြောင့် ဟောင်ကောင်ဒေသစီးပွားရေး ဒုတိယလေးလပတ် အတွင်း (၉) ရာခိုင်းနှုန်း ကျဆင်းခဲ့ကြောင်း
- တရုတ်-အမေရိကန်တင်းမာမှုများကြောင့် ထိုင်ဝမ်ဒေသ၏ လုပ်ငန်းများ အိန္ဒိယ၌ အခြေပြုမည်
- ရှန်ဟိုင်းဒေသအား ကမ္ဘာ့လုံးဆိုင်ရာငွေကြေးအချက်အချာကျသည့် ဒေသအဖြစ် ဆောင်ရွက်ရန် ကြေညာခြင်း
- ၂၀၂၀၊ ဒုတိယသုံးလပတ်တွင် ယူရိုဇုန်၏ ဂျီဒီပီ (၁၂.၁) ရာခိုင်နှုန်းဖြင့် စံချိန်တင် ကျဆင်း
- ၂၀၂၀၊ ဒုတိယသုံးလပတ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေး (၁၂.၂) ရာခိုင်နှုန်းကျဆင်း
- အီးယူ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် စတင်အသက်ဝင်
- ယူရိုဇုန်၏ လက်လီရောင်းချမှု ကပ်ရောဂါကာလမတိုင်မီ အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ခြင်း

ဈေးကွက်သတင်းဌာနစိတ်၊ စီမံကိန်းဦးစီးဌာန၊ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၁၀၀၀၇
Email- office.mis.npt@gmail.com
misdop.moali@gmail.com

ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါကြောင့် အသွားအလာကန့်သတ်မှု ကာလအတွင်း မလေးရှားဒူးရင်းများ အွန်လိုင်းမှ ရောင်းချမှုများ မြင့်တက်လာခြင်း

ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါကြောင့် အသွားအလာကန့်သတ်မှု ကာလအတွင်း မလေးရှားဒူးရင်းများ လမ်းဘေးတွင် ရောင်းချသည့်ဆိုင်များ ပိတ်သိမ်းမှုကြောင့် အွန်လိုင်းမှ မှာယူမှုများ၊ ရောင်းချမှုများ မြင့်တက်လာကြောင်း၊ မော်တော်ဆိုင်ကယ်များ၊ ကားများကို သွားလာခွင့်ပြုထားသောကြောင့် အွန်လိုင်းရောင်းချမှုများ အဆင်ပြေကြောင်း၊ မလေးရှားတွင် မေလမှစတင်၍ အသွားအလာကန့်သတ်မှုများ ဖြေလျှော့မှုကြောင့် ဒူးရင်းအရောင်းဆိုင်များလည်း ဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းကြောင့် အွန်လိုင်းဖြင့် သစ်သီးများ ရောင်းချမှု မလေးရှား၌ လျော့နည်းလာ ကြောင်း၊ မလေးရှားတွင် ရောဂါကူးစက်မှု (၉၀၀၀) ဦးရှိပြီး သေဆုံးသူ (၁၂၄) ဦးသာရှိသောကြောင့် ကူးစက်နှုန်း နည်းပါးကြောင်း၊ ဒူးရင်းတန်ဖိုးကွင်းဆက် ထုတ်လုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းတို့ ချိတ်ဆက်ဆောင်ရွက်နိုင်လျှင် အွန်လိုင်းရောင်းချမှုမှာ အခက်အခဲမရှိနိုင်ကြောင်း နားလည်လာကြမည်ဖြစ်ကြောင်းနှင့် စားသုံးသူများအတွက်သာမက လယ်သမားများအတွက်လည်း ကောင်းမွန်သည့်အခြေအနေဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Agence France-Presse က" Coronavirus: Malaysia's durian sellers saw boom in online orders during lockdown" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်မြို့

~~~~~~

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုမြင့်တက်မှုကြောင့် အရှေ့တောင်အာရှဒေသတွင် e-commerce လုပ်ငန်းများ မြင့်တက်လာခြင်း

ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုမြင့်တက်မှုကြောင့် ကမ္ဘာတစ်ဝှမ်းရှိအရောင်းဆိုင်များ ပိတ်သိမ်းရကာ အရှေ့တောင်အာရှဒေသရှိ စားသုံးသူများမှာလည်း e-commerce ကို အသုံးပြုမှုများ တစ်ဟုန်ထိုးမြင့်တက်လာကာ အွန်လိုင်းမှ ဈေးဝယ်မှုများ မြင့်တက်လာကြောင်း၊ စင်ကာပူအခြေစိုက် Shopee ကုမ္ပဏီ၏ ရောင်းအားမှာ ၂၀၂၀ ပြည့်နှစ်၊ ပထမလေးလအတွင်း ၎င်း၏ ရောင်းအားမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် (၁၂၀) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ Shopee app ကို ဗီယက်နမ်၊ မလေးရှား၊ ထိုင်ဝမ်နှင့် အင်ဒိုနီးရှားတို့တွင် သုံးစွဲသူများပြားကြောင်း၊ လွန်ခဲ့သော (၄) နှစ် ရောင်းအား အမေရိကန်ဒေါ်လာ (၅.၅) ဘီလီယံရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၃၈) ဘီလီယံရှိခဲ့ရာ e-commerce ကို အသုံးပြုမှုမှာ (၆၀၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁၅၀) ဘီလီယံရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ COVID-19 ကြောင့် အွန်လိုင်းမှ ရောင်းဝယ်ခြင်းကို ပိုမိုအရှိန်မြန်ဆန်လာခြင်းဖြစ် ကြောင်း၊ ၂၀၂၀
~~~~~~

ပြည့်နှစ်၊ မတ်လမှ မေလအတွင်း ငွေလွှဲပြောင်းမှုများနှင့် ကုန်ပစ္စည်းများ ရောင်းဝယ်မှုများမှာ (၅၀) ရာခိုင်နှုန်းမှ (၄၀၀) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ COVID-19 ကာလအတွင်း ကုန်ပစ္စည်းများ အွန်လိုင်းမှ ရောင်းဝယ်မှုမှာ (၁.၅) ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး မလေးရှားမှ ဟင်းသီးဟင်းရွက် (၁.၅) တန်ရောင်းချနိုင်ခဲ့ပြီး မလေးရှားမှ တောင်သူလယ်သမားများကို ကူညီပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ အွန်လိုင်းစီးပွားရေး အစီရင်ခံစာအရ မလေးရှား၊ ထိုင်း၊ စင်ကာပူနှင့် ဖိလစ်ပိုင် နိုင်ငံတို့တွင် နှစ်စဉ် (၂၀) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းအထိလည်းကောင်း၊ အင်ဒိုနီးရှား နှင့် ဗီယက်နမ်နိုင်ငံတို့တွင် (၄၀) ရာခိုင်နှုန်းအသီးသီးမြင့်တက်လျက်ရှိကြောင်း၊ e-commerce လုပ်ငန်းအတွက် စိန်ခေါ်မှုဖြစ်နေသော ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းမှာ ယခုအခါ အစပျိုးဆောင်ရွက်ရမည့်လုပ်ငန်း အဖြစ် အခွင့်အလမ်းကောင်းများဖြစ်လာကြောင်း၊ ဒစ်ဂျစ်တယ်လ်ငွေပေးချေမှုများလည်း လျင်မြန်စွာပျံ့နှံ့လုပ်ကိုင်လာကြောင်း၊ ငွေသားကိုင်အသုံးပြုသူများအတွက်လည်း အဆင်ပြေစေရန် ဩစတြေးလျ ထောက်ပံ့ပို့ဆောင်ရေးနည်းပညာကုမ္ပဏီသည် ကနေဒါ e-commerce ကုမ္ပဏီနှင့် ပူးပေါင်း၍ စင်ကာပူနိုင်ငံတွင် ရုံးဖွင့်ကာ ပစ္စည်းရောက်ငွေချေစနစ် လုပ်ငန်းတိုးတက်လာအောင် ဆောင်ရွက်ရန်မျှော်လင့်ထားကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ KokXinghui က “ Coronavirus: e-commerce in Southeast Asia rides high on pandemic boom” ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်မြို့

~~~~~~

ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါကြောင့် ဟောင်ကောင်ဒေသစီးပွားရေး ဒုတိယလေးလပတ်အတွင်း (၉) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း

ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါကြောင့် ဟောင်ကောင်ဒေသစီးပွားရေး ဒုတိယလေးလပတ်အတွင်း (၉) ရာခိုင်နှုန်း ကျဆင်းခဲ့ရာ မျှော်လင့်ထားသည်ထက် ပိုမိုဆိုးရွားခဲ့ကြောင်း၊ စတုတ္ထလေးလပတ်အတွင်း ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ ပိုမိုကျဆင်းနိုင်ကြောင်း၊ ၁၉၇၄ ခုနှစ်မှ စတင်၍ ပထမဆုံးစီးပွားရေး အဆိုးရွားဆုံးကျဆင်းမှုဖြစ်ကြောင်း၊ အာရှငွေကြေး အကြပ်အတည်းကာလ ၁၉၉၈ ခုနှစ်၊ တတိယလေးလပတ်က (၈.၃) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ COVID-19 သည် ကမ္ဘာ့စီးပွားရေးကို ခြောက်လှန့်နေမည်ဖြစ်ကြောင်း၊ ဇူလိုင်လအတွင်းCOVID-19 ကူးစက်မှုရုတ်တရက်မြင့်တက်လာမှုကြောင့် ဒေသတွင်းစီးပွားရေးကို ထိခိုက်ခဲ့ကြောင်း၊ ဒေသတွင်း ကူးစက်မှုကို ထိန်းချုပ်နိုင်ပြီး ပြင်ပနိုင်ငံများလည်း ကူးစက်မှုနည်းလျှင် ကျန်ရှိသည့်ကာလအတွင်း ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ ပြန်လည်ကောင်းမွန်လာရန် မျှော်လင့်ထားကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အသွားအလာကန့်သတ်မှုများကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်မှုမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် (၁၀၀) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ဂျီဒီပီတိုင်းတာမှုတွင် ပါဝင်သည့် ပြည်သူများ ကုန်စည်နှင့် ဝန်ဆောင်မှုများသုံးစွဲမှုမှာ ပထမလေးလပတ်က (၁၀.၆)
~~~~~~

ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဒုတိယလေးလပတ်တွင် (၁၄.၅) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ပြည်သူများ စားသုံးမှုမြင့်တက်ရန် ဒေသအစိုးရမှ ဟောင်ကောင်ဒေါ်လာ (၂၉၀) ဘီလီယံ ထောက်ပံ့ခဲ့သော်လည်း သက်ရောက်မှု မရှိခဲ့ကြောင်း၊ ဇူလိုင်လတွင် ဖြစ်ပွားခဲ့သည့် COVID-19 တတိယလှိုင်း (Third wave) ဈေးဝယ်သူများ လျော့ကျပြီး ရင်းနှီးမြှုပ်နှံသူများအတွက် ယုံကြည်မှုများ လျော့ကျစေကြောင်း၊ တစ်နှစ်လုံးအတွက် ဒေသစီးပွားရေး ဂျီဒီပီမှာ (၈) ရာခိုင်နှုန်း လျော့ကျနိုင်ကြောင်း၊ တတိယလေးလပတ်တွင် ဂျီဒီပီ (၁၀) ရာခိုင်နှုန်းလျော့ကျနိုင်ကြောင်း၊ စားသောက်ဆိုင်များပေါ် ထိခိုက်မှုကြီးမားကြောင်း၊ အစိုးရ၏ ပံ့ပိုးမှုဆက်မရလျှင် စီးပွားရေးလုပ်ငန်းများ အခြေအနေပိုမိုဆိုးရွားလာနိုင်ပြီး အလုပ်လက်မဲ့နှုန်း မြင့်တက်လာနိုင်ကြောင်း၊ အလုပ်လက်မဲ့နှုန်းမှာ ဧပြီလမှ ဇူလိုင်လအတွင်း (၆.၂) ရာခိုင်နှုန်း ရှိခဲ့ရာ ဇူလိုင်လမှ ဩဂုတ်လအတွင်း (၈) ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း၊ ဇွန်လအတွင်းက ကူးစက်နှုန်းလျော့ကျခဲ့သော်လည်း ဇူလိုင်လတွင် တစ်နေ့လျှင် ကူးစက်သူ (၁၀၀) ဦး ကျော်ရှိခဲ့ရာ ဇူလိုင်လနောက်ဆုံးရက်သတ္တပတ်တွင် ကူးစက်သူ (၃၀၀၀) ဦး ကျော်ရှိခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Denise Tsang က “ Hong Kong’s Coronavirus- ravaged economy shrinks 9 percent in second quarter” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်မြို့

~~~~~~

တရုတ်-အမေရိကန် တင်းမာမှုများကြောင့် ထိုင်ဝမ်ဒေသ၏ လုပ်ငန်းများ အိန္ဒိယနိုင်ငံ၌ အခြေပြုမည်

အိန္ဒိယနိုင်ငံ၏ဈေးကွက်ကြီးမားမှု၊ လုပ်အားခသက်သာမှုနှင့် အခွန်သက်သာခွင့်ပေးခြင်းစသည့်အချက် (၃) ချက်ကြောင့် ထိုင်ဝမ်မှ လုပ်ငန်းများရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာကြောင်း၊ COVID-19 ကြောင့် တန်ဖိုးကွင်းဆက်များထုတ်လုပ်မှုများ နေရာများပြောင်းရန်အတွက်လည်းဖြစ်ကြောင်း၊ ထိုင်ဝမ်လုပ်ငန်းများသည် တရုတ်နိုင်ငံအပေါ် မှီခိုနေမှုအား လျော့ချနိုင်ရန် အိန္ဒိယနိုင်ငံကို ရွေးချယ်လာကြောင်း၊အမေရိကန် နည်းပညာကုမ္ပဏီ Apple ၏ မိတ်ဖက်ကုမ္ပဏီ ပစ္စည်းများ တပ်ဆင်သည့် Pegatron ကုမ္ပဏီတို့သည် အိန္ဒိယ၌ ပထမဆုံး စက်ရုံတည်ထောင်ရန် ရှာဖွေလာကြောင်း၊ နယူးဒေလီနှင့် တိုင်ပေတို့၏ ဆက်ဆံမှုမှာ လွန်ခဲ့သော (၄) နှစ်ကတည်းက ခိုင်မာလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၌ ထိုင်ဝမ်ကုမ္ပဏီ (၁၄၀) ကုမ္ပဏီတည်ထောင် လုပ်ကိုင်လျက်ရှိကြောင်း၊ အများစုမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်ကြောင်း၊ လျှပ်စစ်ပစ္စည်းများနှင့် တာရာထုတ်လုပ်သည့်လုပ်ငန်းများ၊မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများလည်းရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန် Corporate income tax ကို (၃၀) ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းထိ လျော့ချကောက်ခံခဲ့ကြောင်း၊ အစပျိုးလုပ်ငန်းများကို အခွန် (၁၅) ရာခိုင်နှုန်းသာ ကောက်ခံခဲ့ကြောင်း၊ အထူးစီးပွားရေးဇုန်များတွင် လုပ်ကိုင်သူများမှာ အခွန်နှင့်
~~~~~~

ဝင်ငွေခွန်များ ပေးရန်မလိုကြောင်း၊ အိန္ဒိယရှိလုပ်အားခမှာ တရုတ်နိုင်ငံအောက်(၁၅) ရာခိုင်နှုန်း လျော့နည်းကြောင်း၊ ငွေကြေးဖောင်းပွမှုမှာ ထိန်းထားနိုင်ပြီး (၃) ရာခိုင်နှုန်းသာရှိကြောင်း၊ အိမ်ခြံမြေဈေးများမှာလည်း ကျဆင်းလာကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တားဆီးနေသည့်အရာများကို အိန္ဒိယအစိုးရမှ ဆက်လက်ပယ်ဖျက်ပေးလိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း၊ အိန္ဒိယ၌ လူဦးရေ (၁.၃) ဘီလီယံရှိပြီး စီးပွားရေးတိုးတက်မှု လျင်မြန်ပြီး COVID-19 မဖြစ်ပွားခင်က ပြည်သူများ စားသုံးမှုမှာ မြင့်မားကြောင်း၊ ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်ပြည်မကြီးတို့ကလည်း ထိုင်ဝမ်ဒေသထက် ပိုမို၍ အိန္ဒိယ၌ ရင်းနှီးမြှုပ်နှံထားကြကြောင်း၊ သို့သော် တရုတ်နှင့် အိန္ဒိယအကြား နယ်နိမိတ်ပြဿနာကြောင့် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်မှုမရှိကြောင်း၊ ထိုင်ဝမ်နည်းပညာ ကုမ္ပဏီများ တိုးတက်ရန်နှင့် အိန္ဒိယနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍကို ပံ့ပိုးနိုင်အောင်ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံကလည်း နားလည်လက်ခံလာပြီး ထိုင်ဝမ်ကလဲ တရုတ်အပေါ် မှီခိုမှုလျှော့ချရန် အိန္ဒိယ၌ ရင်းနှီးမြှုပ်နှံလာခြင်းဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Ralph Jenningsက “ As Us-China tensions heat up, Taiwan’s firms pivot to India” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်မြို့

ရှန်ဟိုင်းဒေသအား ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအချက်အချာကျသည့်ဒေသအဖြစ် ဆောင်ရွက်ရန် ကြေညာခြင်း

တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်ပွဲ တင်းမာမှု အရှိန်မြင့်တက်လာသောကြောင့် ဟောင်ကောင်ဒေသအပေါ် မသေချာမရေရာမှုများ ဖြစ်လာမှုများနှင့် ဟောင်ကောင်ဒေသ အမျိုးသားလုံခြုံရေးဥပဒေကြောင့်လည်း ရှန်ဟိုင်းဒေသအား နိုင်ငံတကာငွေကြေးစင်တာအဖြစ် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လာကြောင်း၊ ရေရှည်မျှော်မှန်းချက်အနေဖြင့် နယူးယောက်၊ လန်ဒန်နှင့် ဟောင်ကောင်ဒေသတို့ကဲ့သို့ ကြီးမားသည့်ငွေကြေးစင်တာအဖြစ် ရှန်ဟိုင်းဒေသကို ထူထောင်မည်ဖြစ်ကြောင်း၊ ရှန်ဟိုင်းအနေဖြင့် ကမ္ဘာလုံးဆိုင်ရာတရုတ်ယွမ်ငွေ စီမံခန့်ခွဲမှုကို ဦးစားပေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်းဈေးကွက်ကို အဓိကထားဆောင်ရွက်လျှင် ၎င်း၏ငွေကြေးခွဲဝေသုံးစွဲမှုစွမ်းရည်ကို မြှင့်တင်ရန် လိုအပ်ကြောင်း၊ တရုတ်ယွမ်ငွေအား နိုင်ငံတကာအသုံးပြုရန် ဆောင်ရွက်သည့်အခြေအနေမှာ တင်းမာလျက်ရှိပြီး ပြောင်းလဲမှုအများအပြားလည်းရှိလာကြောင်း၊ အမေရိကန်ဒေါ်လာ၏ လက်ဝါးကြီးအုပ်ထားမှုမှာ အနာဂတ်တွင်လည်း ဆက်လက်ခိုင်မာနေမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ Covid-19 ကြောင့်လည်း ပေကျင်းနှင့် ဝါရှင်တန်တို့အကြား တင်းမာမှုမှာ ပိုမိုကြီးထွားလာကြောင်း၊ ငွေကြေးကဏ္ဍတွင် မတည်ငြိမ်မှုများဖြစ်နိုင်ကြောင်း၊ ရှန်ဟိုင်းအနေဖြင့် ပြည်တွင်းစီးပွားရေး လည်ပတ်မှုအပေါ် အခြေခံပြီး ခေတ်သစ်စက်မှုလုပ်ငန်းများနှင့် ငွေကြေးကဏ္ဍအကြား ပိုမိုကောင်းမွန်သည့် တုံ့ပြန်မှု

MS DOP

များလုပ်ဆောင်ရန် အရေးတစ်ကြီးလိုအပ်ကြောင်း၊ တရုတ်ကုမ္ပဏီလုပ်ငန်းများ၏ တီထွင်ဆန်းသစ်မှုများနှင့် နိုင်ငံတကာယှဉ်ပြိုင်မှုများ မြှင့်တင်နိုင်ရန်အတွက် တောင့်တင်းခိုင်မာသည့် ငွေကြေးဈေးကွက် လိုအပ်လျက်ရှိကြောင်း၊ တရုတ်ယွမ်ငွေအား နိုင်ငံတကာငွေကြေးအဖြစ် အသုံးပြုနိုင်ရန်မှာ ကမ္ဘာ့ငွေကြေးစနစ်တွင် အမေရိကန်ဒေါ်လာလွှမ်းမိုးမှုနှင့် ဗိုလ်ကျစိုးမိုးနေမှုများအား ဖျက်စီးနိုင်ရန်မှာ အရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ Yun Internationalization Index မှာ ၂၀၁၉ ခုနှစ်က (၁၃) ရာခိုင်နှုန်းရှိပြီး (၃.၀၃) မြင့်တက်ခဲ့ရာမှ ယခုနှစ် ၂၀၂၀ ပြည့်နှစ်၊ ပထမ (၆) လအတွင်း (၅) ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အရန်ငွေကြေးတွင် အမေရိကန်ဒေါ်လာ (၆၂) ရာခိုင်နှုန်းနှင့် ယူရိုငွေ (၂၀) ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် တရုတ်ယွမ်ငွေမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လကုန်က (၂.၀၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ တရုတ်ယွမ်ငွေကြေးပြည်ပဈေးကွက်မှာ ဟောင်ကောင်ဘဏ်၌ ၂၀၁၅ ခုနှစ်မှ စတင်၍ ၂၀၁၉ ခုနှစ်အထိ (၃၅.၆) ရာခိုင်နှုန်း ကျဆင်းခဲ့ရာ တရုတ်ယွမ် (၆၃၂) ဘီလီယံ (ဟောင်ကောင်ဒေါ်လာအနေဖြင့် ၆၉၈ ဘီလီယံ)ဖြစ်ကြောင်းနှင့် ထိုင်ဝမ်၊ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင်လည်း ကျဆင်းခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ထုတ် South China Morning Postသတင်းစာ၌ Frank Tang က“Call to Make Shanghai a Global Financial Hub” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်မြို့

၂၀၂၀၊ ဒုတိယသုံးလပတ်တွင် ယူရိုဇုန်၏ ဂျီဒီပီ (၁၂.၁) ရာခိုင်နှုန်းဖြင့် စံချိန်တင်ကျဆင်း

၂၀၂၀ ပြည့်နှစ်၏ ပထမသုံးလပတ်နှင့် နှိုင်းယှဉ်ချက်အရ ဒုတိယသုံးလပတ်တွင် ယူရိုဇုန်၏စီးပွားရေး (၁၂.၁) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ယူရိုဇုန်၏ ကနဦးစာရင်းအင်းများအရ သိရသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် တင်းကျပ်သော အသွားအလာကန့်သတ်မှုများ ချမှတ်ခဲ့ရသဖြင့် အဆိုပါကာလအတွင်း ယူရိုဇုန်၏ စီးပွားရေးသည် ဂဏန်း(၂) လုံး (two-digits) ဖြင့် ကျဆင်းခဲ့ခြင်းဖြစ်သည်။ ယူရိုဇုန်နိုင်ငံများအနက် ဂျာမနီနိုင်ငံ၏ ဂျီဒီပီမှာ (၁၀.၁) ရာခိုင်နှုန်း၊ အီတလီနိုင်ငံသည် (၁၂.၄) ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံသည် (၁၃.၈) ရာခိုင်နှုန်းနှင့် စပိန်နိုင်ငံသည် (၁၈.၅) ရာခိုင်နှုန်းတို့ဖြင့် အသီးသီးကျဆင်းခဲ့ကြောင်း သိရသည်။ ပထမသုံးလပတ်အတွင်း၌ ယူရိုဇုန်၏ ဂျီဒီပီသည် (၃.၆) ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ စပိန်၊ အီတလီနှင့် ပြင်သစ်နိုင်ငံတို့၏ ဂျီဒီပီမှာ (၅) ရာခိုင်နှုန်းကျော်ဖြင့် ကျဆင်းခဲ့ခြင်းဖြစ်သည်။

ယူရိုဇုန်၏ စီးပွားရေးဆိုင်ရာ နောက်ဆုံးရစာရင်းဇယားများသည် ဥရောပနိုင်ငံများ၏ အစိုးရများက တင်းကျပ်သောအသွားအလာကန့်သတ်ထားမှုများကို တဖြည်းဖြည်းချင်းဖြေလျှော့ခဲ့သည့်ကာလဖြစ်သော ဧပြီလမှ ဇွန်လအတွင်း စီးပွားရေးလုပ်ငန်းများကို အခြေခံထားခြင်းဖြစ်သည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်းက ဥရောပနိုင်ငံအချို့တွင် COVID-19 ရောဂါကူးစက်မှုများ မြင့်တက်လာမှုနှင့်အတူ ယူရိုဇုန်၏ စီးပွားရေးတွင် မသေချာမရေရာမှုများစွာ ရှိနေဆဲဖြစ်ကြောင်းသိရသည်။ Eurostat ၏ စာရင်းများအရ ၂၀၂၀ ပြည့်နှစ်၊ ဒုတိယသုံးလပတ် ကာလအတွင်း အီးယူ၏ GDP မှာလည်း (၁၁.၉) ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်အတွက် ယူရိုဒေသ၏ GDP မှာ (၈.၇) ရာခိုင်နှုန်းဖြင့် ကျဆင်းမည်ဟု ဥရောပဗဟိုဘဏ်က ပြီးခဲ့သည့် ဇွန်လတွင် ခန့်မှန်းထားခဲ့သည်။ ယခုနှစ်၏ ပထမ(၆) လတာကာလနှင့် နှိုင်းယှဉ်ပါက တတိယသုံးလပတ်တွင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုများ သိသိသာသာ ပြန်တက်လာနိုင်မည်ဟု ယင်းကမျှော်လင့်ထားသည်။ ဥရောပ၏ စာရင်းအင်းအေဂျင်စီ Eurostat အရ ၂၀၂၀၊ ဇူလိုင်လတွင် ယူရိုဇုန်၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ (၀.၄) ရာခိုင်နှုန်းရှိခဲ့ပြီး၊ ဇွန်လနှုန်းထား (၀.၃) ရာခိုင်နှုန်းထက် တက်လာခဲ့ကြောင်းသိရသည်။ ယူရိုဇုန်နိုင်ငံများ၏ အစိုးရများအနေဖြင့် ယခင်ဆောင်ရွက်ခဲ့သကဲ့သို့ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို အလုံးစုံပိတ်သိမ်းထားခြင်းကို ပြုလုပ်မည်မဟုတ်ကြောင်း၊ ကြီးမားသည့်ရောဂါကူးစက်ပျံ့နှံ့မှုကို ရှောင်လွှဲနိုင်ရန်အတွက် လူစုလူဝေးပြုလုပ်ခြင်းနှင့် social distancing နှင့်ပတ်သက်သည့် တင်းကျပ်သောထပ်ဆောင်းစည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းသွားရန်အတွက် အဆင်သင့်ရှိနေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ရင်းမြစ် - (CNBC၊ Eurostat၊ ၃၁-၇-၂၀၂၀)
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်မြို့

~~~~~~

၂၀၂၀၊ ဒုတိယသုံးလပတ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေး (၁၂.၂) ရာခိုင်နှုန်းကျဆင်း

ဘယ်လ်ဂျီယံနိုင်ငံ၊ အမျိုးသားဘဏ်၏ ခန့်မှန်းစာရင်းများအရ ယခုနှစ်၊ ဒုတိယသုံးလပတ်ကာလတွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးမှာ (၁၂.၂) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းသိရသည်။ ဘယ်လ်ဂျီယံနိုင်ငံသည် ဒုတိယသုံးလပတ်ကာလမစတင်မီ သီတင်းပတ် (၂) ပတ်အလို တွင် အသွားအလာကန့်သတ်မှု (lockdown) ပြုလုပ်ခဲ့ရာ အစားအသောက်ဝန်ဆောင်မှုကဏ္ဍ၊ လက်လီကဏ္ဍများ ပိတ်သိမ်းထားခဲ့ရပြီး၊ အခြားစီးပွားရေးလုပ်ငန်းများစွာ ရပ်နားထားရခြင်း၊ ဆိုင်များ ပိတ်ထား ရခြင်းတို့ကြောင့် အလုပ်သမားများစွာအား ယာယီအလုပ်လက်မဲ့ဖြစ်စေခဲ့သည်။ ဘယ်လ်ဂျီယံနိုင်ငံ အမျိုးသားဘဏ်၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလကုန်ခန့်မှန်းချက်များအရ စီးပွားရေးကျဆင်းမှုမှာ (၃.၉) ရာခိုင်နှုန်းရှိခဲ့သည်။ ဇွန်လအတွက် စာရင်းဇယားများ မရရှိနိုင်မှုကြောင့် ဒုတိယသုံးလပတ်အတွက် စီးပွားရေးဆိုင်ရာကိန်းဂဏန်းများတွင် အတိုင်းအတာတစ်ရပ်အထိ မသေချာမရေရာမှုရှိနေကြောင်း ဘယ်လ်ဂျီယံနိုင်ငံ အမျိုးသားဘဏ်က ပြောကြားသည်။

ဒုတိယသုံးလပတ်ကာလအတွင်း အိမ်ထောင်စုများ၏ စားသုံးမှုတွင် (၆.၄) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ အိုးအိမ်များတွင် ရင်းနှီးမြှုပ်နှံမှု၌ (၅.၄) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။
~~~~~~

စီးပွားရေးလုပ်ငန်းများအပိုင်းတွင် ကုမ္ပဏီရင်းနှီးမြှုပ်နှံမှု (၃.၆) ရာခိုင်နှုန်းကျဆင်းခဲ့သဖြင့် အနာဂတ်အတွက် စီးပွားရေးယုံကြည်မှုကျဆင်းသည့် လက္ခဏာဖြစ်ကြောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် (၁၁.၈) ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် (၁၃) ရာခိုင်နှုန်းနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် (၁၃.၃) ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း သိရသည်။ ဘယ်လ်ဂျီယံနိုင်ငံအမျိုးသားဘဏ်မှ သုံးလပတ်စီးပွားရေးစာရင်းအင်းများ စတင်ထုတ်ပြန်ခဲ့သည့် ၁၉၉၅ ခုနှစ်ကတည်းက ယခုကဲ့သို့ များပြားသည့် သုံးလပတ်စီးပွားရေးကျဆင်းမှု မတွေ့ရသေးကြောင်း၊ ၂၀၀၈ ခုနှစ်၊ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကာလ၏ စတုတ္ထသုံးလပတ်တွင် စီးပွားရေးကျဆင်းမှုမှာ (၂)ရာခိုင်နှုန်းကျော်သာ ရှိခဲ့ကြောင်းသိရသည်။

သို့ရာတွင် ဒုတိယသုံးလပတ်၌ ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးကျဆင်းမှု (၁၂.၂) ရာခိုင်နှုန်းမှာ ယခင်ခန့်မှန်းထားသည်ထက် လျော့နည်း၍ ကျဆင်းခဲ့ခြင်းဖြစ်သည်။ Belfius ဘဏ်၊ ING ဘဏ်နှင့် KBC ဘဏ်တို့က စီးပွားရေးကျဆင်းမှု (၁၅) ရာခိုင်နှုန်းမှ (၁၈) ရာခိုင်နှုန်းအကြားရှိမည်ဟု ခန့်မှန်းထားကြပြီး၊ BNP Paribas Fortis က (၂၂.၉) ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသွားအလာကန့်သတ်ထားမှုများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့မှုများအရ ယခုနှစ်၏ တတိယသုံးလပတ်ကာလအား စီးပွားရေးတစ်ဖန်ပြန်လည်နိုးထနိုင်မည့် အလှည့်အပြောင်းတစ်ရပ်အဖြစ် မြင်တွေ့ရရန် စီးပွားရေးပညာရှင်များက မျှော်မှန်းထားကြကြောင်း သိရသည်။ သို့ရာတွင် Covid-19 ကူးစက်မှုများ ပြန်လည်မြင့်တက်လာမှုနှင့် အချို့သောကဏ္ဍများတွင် ကန့်သတ်ချက်အသစ်များ ပြန်လည်ချမှတ်လာမှုများကြောင့် ယင်းသို့ အပြုသဘော မျှော်လင့်ထားမှုများအပေါ် မသေချာမရေရာမှုများ ရှိနေကြောင်းလည်း သိရသည်။

ရင်းမြစ် - (ဘရပ်ဆဲလ်တိုင်းမ်၊ ၃၀-၇-၂၀၂၀)
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်မြို့

~~~~~~

အီးယူ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် စတင်အသက်ဝင်

အီးယူ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (EU-Vietnam Free Trade Agreement) သည် ၁-၈-၂၀၂၀ နေ့မှစတင်၍ အသက်ဝင်အာဏာတည်ခဲ့ပြီး အီးယူမှ ဗီယက်နမ်နိုင်ငံသို့ ပို့ကုန်များသည် အခွန်သက်သာခွင့်များရရှိမည်ဖြစ်ကြောင်း သိရသည်။ ၎င်း FTA စတင်အသက်ဝင်မှုကြောင့် နှစ်ဘက်အကြား ကုန်သွယ်မှုပြုသည့် ကုန်စည်အားလုံး၏ (၉၉) ရာခိုင်နှုန်းအပေါ် အခွန်နှုန်းထားများအား လျှော့ချဖယ်ရှားသွားမည်ဖြစ်ကြောင်း ဥရောပကော်မရှင်အရ သိရသည်။

ယခုသဘောတူညီချက်အရ ဥရောပကုမ္ပဏီများအတွက် ဗီယက်နမ်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူစေမည်ဖြစ်ပြီး၊ အစိုးရကဏ္ဍမှ ဝယ်ယူဖြည့်တင်းရေး (government procurement) စာချုပ်များတွင် ပြည်တွင်းလုပ်ငန်းရှင်များနှင့် အခွင့်အရေး
~~~~~~

တူညီစွာယှဉ်ပြိုင်၍ ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။ ယခုသဘောတူညီချက်အား စီးပွားရေးအကျိုး ကျေးဇူးများနှင့်အတူ အလုပ်သမားအခွင့်အရေးများ၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များမှတစ်ဆင့် ရာသီဥတုဆိုင်ရာ ပါရီသဘောတူညီချက်နှင့် သဘာဝပတ်ဝန်းကျင် ကာကွယ် ထိန်းသိမ်းရေးစသည်တို့အပေါ် အာမခံချက်များနှင့်အတူ ချိတ်ဆက်၍အကောင် အထည်ဖော်သွားမည်ဖြစ်သည်။ အီးယူ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီ ချက်သည် ဗီယက်နမ်နိုင်ငံ၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များကို အပြည့်အဝထည့်သွင်းစဉ်းစားလျက် ဗီယက်နမ်နိုင်ငံသို့ အီးယူ၏ သွင်းကုန်များအပေါ် အခွန်လျှော့ချဖယ်ရှားပေးရမည့်အချိန်ကာလ အား (၁၀) နှစ်သတ်မှတ်ပေးထားသည်။ သို့ရာတွင် ဆေးဝါးပစ္စည်းများ၊ ဓါတုဗေဒပစ္စည်းများနှင့် စက်ပစ္စည်းများကဲ့သို့သော အီးယူ ပို့ကုန်များအတွက်မူ သဘောတူညီချက်စတင်အသက်ဝင်ချိန်၌ အခွန်သက်သာခွင့်များ ရရှိခံစားနိုင်မည်ဖြစ်သည်။ လယ်ယာထွက်စားသောက်ကုန်များဖြစ်သည့် အမဲသားနှင့် သံလွင်ဆီကဲ့သို့သော ထုတ်ကုန်များအတွက် (၃) နှစ်အတွင်း အခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပြီး၊ နို့ထွက်ပစ္စည်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့အတွက် အများဆုံး (၅) နှစ် အတွင်း အခွန်ကင်းလွတ်ခွင့်ခံစားနိုင်မည် ဖြစ်သည်။ တိရစ္ဆာန်နှင့်အပင်ပိုးမွှား ရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကြောင့် ပိုမိုပွင့်လင်းမြင်သာ၍ မြန်ဆန်သည့် လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် အီးယူလုပ်ငန်းများသည် ဗီယက်နမ်ဈေးကွက်သို့ ဝင်ရောက်ခွင့် တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အီးယူ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်တွင် အီးယူ၏ ကားတင်ပို့မှုအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာအတားအဆီးများ ဖယ်ရှားပေးရေးနှင့် ဒိန်ခဲ၊ ဝိုင် စသည့် ဒေသဆိုင်ရာအညွှန်း (Geographical Indications) အဖြစ် အသိအမှတ်ပြုထားသော ဥရောပဒေသထွက် ရိုးရာစားသောက်ကုန်များအား အတုအပပြုလုပ်ခြင်းမှ အကာအကွယ်ပေး ရေးတို့နှင့် စပ်လျဉ်းသည့် သီးခြားပြဋ္ဌာန်းချက်များလည်းပါဝင်သည်။ ယင်းကုန်သွယ်ရေးသဘော တူညီချက်တွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအခွင့်အရေးများအပေါ် နှစ်ဘက်ကတိကဝတ်ပြုမှု များကိုလည်း ဖော်ပြထားပြီး၊ အလုပ်သမား၊ သဘာဝပတ်ဝန်းကျင်နှင့် စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာ မြင့်မားသည့် စံချိန်စံညွှန်းများကိုလည်း ချမှတ်ထားကြောင်းသိရသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာအလုပ်သမား အဖွဲ့အစည်း (International Labour Organization-ILO) ၏ အခြေခံကွန်ဗင်းရှင်း (၈) ခုအား အတည်ပြုရေးနှင့် အကောင်အထည်ဖော်ရေး၊ လေးစားလိုက်နာ ရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ အခြေခံအခွင့်အရေးများနှင့် ပတ်သက်၍ ILO ၏ စည်းမျဉ်းများအား ထိရောက်စွာအကောင်အထည်ဖော်ရေးနှင့် မြှင့်တင်အားပေးရေးတို့နှင့်စပ်လျဉ်းသည့် နှစ်ဘက် ကတိကဝတ်ပြုမှုများလည်း ပါဝင်ကြောင်း သိရသည်။

အီးယူ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အား အီးယူအဖွဲ့ဝင် နိုင်ငံများ၏ အတည်ပြုချက်နှင့်အတူ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ ဥရောပ ပါလီမန်က ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ယင်းသဘောတူညီချက်ကို အတည်ပြုခဲ့ခြင်းဖြစ် သည်။ ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် အီးယူ၏ ဒုတိယအကြီးဆုံး

ကုန်သွယ်ဖက်နိုင်ငံအဖြစ် စင်ကာပူနိုင်ငံ၏နောက်တွင် ရပ်တည်နေပြီး၊ ၂၀၁၉ ခုနှစ်တွင် ကုန်စည်ကုန်သွယ်မှုတန်ဖိုး ယူရို (၄၅.၅) ဘီလီယံနှင့် ၂၀၁၈ ခုနှစ်တွင် ဝန်ဆောင်မှုကုန်သွယ်မှုတန်ဖိုး ယူရို (၄) ဘီလီယံခန့်ရှိခဲ့ကြောင်း သိရသည်။ အီးယူမှ ဗီယက်နမ်နိုင်ငံသို့ အဓိက ပို့ကုန်များမှာ လျှပ်စစ်စက်ပစ္စည်းနှင့် ကိရိယာများ၊ လေယာဉ်များ၊ ယာဉ်ယန္တရားများနှင့် ဆေးဝါးပစ္စည်းများ အပါအဝင် အဆင့်မြင့်နည်းပညာထုတ်ကုန်များ ဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံမှ အီးယူသို့ အဓိက တင်ပို့သည့် ပို့ကုန်များမှာ လျှပ်စစ်ပစ္စည်းများ၊ ဖိနပ်များ၊ အထည်အလိပ်နှင့် အဝတ်အထည်များ၊ ကော်ဖီ၊ ဆန်၊ ပင်လယ်စာနှင့် ပရိဘောဂများ ဖြစ်ကြပါသည်။ အီးယူသည် ၂၀၁၈ ခုနှစ်တွင် စုစုပေါင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုး ယူရို(၇.၄) ဘီလီယံဖြင့် ဗီယက်နမ်နိုင်ငံ၌ အများဆုံးပြည်ပရင်းနှီးမြှုပ်နှံသူများတွင် ပါဝင်ပါသည်။

ရင်းမြစ် - (ဥရောပကော်မရှင်၊ Press release၊ ၃၀-၇-၂၀၂၀)
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်မြို့

~~~~~~

ယူရိုဇုန်၏ လက်လီရောင်းချမှု ကပ်ရောဂါကာလမတိုင်မီ အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ခြင်း

ယူရိုဇုန်တွင် လက်လီရောင်းချမှုပမာဏမှာ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် ပြန်လည်တိုးတက်လာခဲ့ပြီး၊ အသွားအလာကန့်သတ်မှုများ မပြုလုပ်မီကာလဖြစ်သည့် ဖေဖော်ဝါရီလက ရောင်းချမှုအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ယူရိုဇုန်၏ ဇွန်လအတွင်း လက်လီရောင်းချမှုသည် မေလ၌ ရောင်းချမှုပမာဏထက် (၅.၇) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဥရောပစာရင်းအင်းအဖွဲ့အစည်း Eurostat ၏ စာရင်းဇယားများအရ သိရသည်။ အဝတ်အထည်များနှင့် ကားလောင်စာဆီများတွင် သုံးစွဲမှုတိုးတက်ခဲ့ခြင်းကြောင့် လက်လီရောင်းချမှု ပြန်လည်တိုးတက်လာခြင်းဖြစ်သည်။

လက်လီရောင်းချမှုပမာဏတိုးတက်ခဲ့သော်လည်း စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည့် (၅.၉) ရာခိုင်နှုန်းထက် အနည်းငယ်လျော့နည်းခဲ့ကြောင်း၊ လက်လီရောင်းချမှုသည် မေလနှင့် ဇွန်လတို့တွင် (၂) လဆက်တိုက် တိုးတက်ခဲ့သဖြင့် ယူရိုဇုန်နိုင်ငံများ၌ ဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်နိုင်ရေး Lockdowns များ ပြုလုပ်ခဲ့ရသည့် မတ်လနှင့် ဧပြီလတို့အတွင်း စံချိန်တင်ကျဆင်းခဲ့သည့်အခြေအနေအား ပြန်လည်ချိန်ညှိလာနိုင်ခြင်းဖြစ်ကြောင်း Eurostat က ပြောကြားသည်။

ယခုနှစ်၊ ဇွန်လတွင် လက်လီဝယ်ယူမှုပမာဏသည် ယခင်နှစ်ကထက် (၁.၃) ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ ဖေဖော်ဝါရီလနောက်ပိုင်းတွင် ပထမဆုံးအကြိမ် နှစ်စဉ်နှိုင်းယှဉ်ချက်၌ တိုးတက်လာခြင်းဖြစ်ရာ ယူရိုဇုန်၏ လက်လီရောင်းချမှုသည် အကျပ်အတည်းကာလမတိုင်မီက အဆင့်သို့ ပြန်လည်ရောက်ရှိလာသည့် လက္ခဏာဖြစ်ကြောင်း Eurostat အရသိရသည်။လအလိုက် နှိုင်းယှဉ်ချက်တွင် ဇွန်လ၌ လက်လီရောင်းချမှု ဂဏန်း(၂) လုံးဖြင့် တိုးတက်ခဲ့သည့်နိုင်ငံများမှာ အိုင်ယာလန်၊
~~~~~~

အီတလီနှင့် စပိန်နိုင်ငံတို့ဖြစ်ကြပြီး၊ ဂျာမနီနှင့် ဩစတြီးယားနိုင်ငံတို့တွင်မူ မေလက တိုးတက်ခဲ့သည့်အခြေအနေမှ တစ်ဖန်ပြန်လည်ကျဆင်းခဲ့သည်။ ယူရိုဇုန်တွင် လအလိုက် နှိုင်းယှဉ်ချက် အရ အထည်အလိပ်၊ အဝတ်အထည်နှင့် ဖိနပ်များ ရောင်းချမှုသည် (၂၀.၄) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ စားသုံးသူများသည် ကားလောင်စာဆီ၊ ကွန်ပျူတာပစ္စည်းကိရိယာများနှင့် စာအုပ်များကိုလည်း ပိုမိုဝယ်ယူမှုရှိခဲ့ကြကြောင်း၊ စားသုံးသူများအနေဖြင့် ရောင်းချရာနေရာများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ဝယ်ယူမှုများကို ပြန်လည်လုပ်ဆောင်လာကြသဖြင့် ဇွန်လတွင် အွန်လိုင်းမှ ရောင်းချရမှုသည် (၆.၈) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ရင်းမြစ် - (Reuters၊ Eurostat ၊ ၅-၈-၂၀၂၀)
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်မြို့

~~~~~~

MIS - DOP
~~~~~~